ရှေ့နေချုပ်ဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၃/၈၈)
၁၃၅၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်
၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၆ ရက်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)
အမည်

၁။ ဤဥပဒေကို ရှေ့နေချုပ်ဥပဒေဟုခေါ်တွင်စေရမည်။

အခန်း (၂)
ရှေ့နေချုပ်ခန့်ထားခြင်းနှင့် ရှေ့နေချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ရှေ့နေချုပ်တစ်ဦးနှင့် ဒုတိယ ရှေ့နေချုပ်တစ်ဦးကို ခန့်ထားရမည်။

၃။ ရှေ့နေချုပ်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အစိုးရအဖွဲ့၊ ဝန်ကြီးဌာန၊ အစိုးရဌာန၏ ဆောင်ရွက်ချက် များသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိပါက သက်ဆိုင်ရာသို့ညွှန်ပြခြင်း၊

(ခ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကဖြစ်စေ၊ အစိုးရအဖွဲ့ကဖြစ်စေ၊ ဝန်ကြီးဌာန တစ်ခုခုကဖြစ်စေ ဥပဒေအကြံဉာဏ်များတောင်းခံပါက ဥပဒေအကြံဉာဏ်များပေးခြင်း၊

(ဂ) ပြည်သူများ၏ ဥပဒေနှင့်အညီ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို အပြည့်အဝခံစားနိုင်ရေးအတွက် ဥပဒေကြောင်းအရ ကာကွယ်စောင့်ရှောက်ခြင်း၊

(ဃ) တရားရုံးအဆင့်ဆင့်၏ ဆောင်ရွက်ချက်များသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိပါက တရားရုံးချုပ်သို့ လိုအပ်သလို အယူခံမှု သို့မဟုတ်ပြင်ဆင်မှု တင်သွင်းခြင်း၊

(င) ဥပဒေများစီစစ်ခြင်း၊ ရေးဆွဲခြင်း၊ ဘာသာပြန်ဆိုခြင်း၊ ခေတ်နှင့်လျော်ညီစေရန် ပြင်ဆင်ခြင်း၊ ဥပဒေ လက်စွဲစာအုပ်များ ပြုစုထုတ်ဝေခြင်း၊

(စ) တည်ဆဲတရားဥပဒေအရဖြစ်စေ၊ ဤဥပဒေအရထုတ်ပြန်သော လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များအရဖြစ်စေ သတ်မှတ်သောအခြားတာဝန်များ ထမ်းဆောင်ခြင်း၊

(ဆ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောကရေးအဖွဲ့က ပေးအပ်သော အခြားတာဝန်များထမ်းဆောင်ခြင်း။

၄။ ရှေ့နေချုပ်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) အစိုးရပါဝင်နေသော ပြစ်မှုနှင့် တရားမမှုများတွင် လိုက်ပါဆောင်ရွက်ခြင်း၊ ဥပဒေဝန်ထမ်းများအား လိုက်ပါဆောင်ရွက်ရန် တာဝန်ပေးခြင်း၊

(ခ) ရှေ့နေချုပ်ရုံး၊ ပြည်နယ် သို့မဟုတ် တိုင်းဥပဒေရုံးများကို လိုအပ်သလိုဖွဲ့စည်းခြင်း၊

(ဂ) ဒုတိယရှေ့နေချုပ်နှင့် ဥပဒေဝန်ထမ်းများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဃ) လိုအပ်သောအမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လက်စွဲများကို ထုတ်ပြန်ခြင်း။

အခန်း (၃)
အထွေထွေ

၅။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၄)ကို ဤဥပဒေဖြင့် ရုတ်သိမ်းလိုက်သည်။